ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကြံခင်းမြို့နယ်

CDD

လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ရေသောက်ကန်ကျေးရွာ၊ ကြံတောကျေးရွာအုပ်စု

၂၀၁၇-ခုနှစ်

ကြံခင်းမြို့နယ်

မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်
 သုံးသပ် ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀ ။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၃။ အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ရခိုင် ပြည် နယ်
ကျောက်နီချောင်း
ပတော်ချောင်း
ပတော်သစ်တောကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကျေးရွာ မြေပုံ (တည်နေရာ)




ရေသောက်ကန်ကျေးရွာတည်နေရာပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ကြံ့တောကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း

(၁) ကြံ့တောကျေးရွာ

(၂) ပြည့်စင်ကွင်းကျေးရွာ

(၃) ထောက်ကြံ့ကုန်းကျေးရွာ

(၄) တာစုကျေးရွာ

(၅) ကျောက်တိုင်ကျေးရွာ

(၆) လိန့်ဂုဏ်ကျေးရွာ

(၇) တိုက်ကြီးကျေးရွာ

(၈) အောက်ပန်းတော်ကျေးရွာ

(၉) ရေသောက်ကန်ကျေးရွာ

(၁၀) လမိုင်းကွင်းကျေးရွာ

(၁၁) ကိုးတောင်ရွာမကျေးရွာ

(၁၂) ကိုးတောင်ရွာသစ်ကျေးရွာ

(၁၃) မျောက်ချောကုန်းကျေးရွာ

ကြံ့တောကျေးရွာအုပ်စုသည် ကျေးရွာပေါင်း (၁၃) ရွာဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံ အချက်အလက်

ရေသောက်ကန်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကြံတောအုပ်စု အတွင်းတည်ရှိသော ကျေးရွာကလေးဖြစ်သည်။ အိမ်ခြေ ၄၆-အိမ် ရှိပြီး၊ အမျိုးသား ၉၈-ဦး၊ အမျိုးသမီး ၉၈-ဦး ရှိပါသည်။ ကြံခင်းမြို့နှင့် ၅-မိုင်ခန့် ကွာဝေးပြီး၊ မိုးရာသီတွင် လမ်းများပျက်စီးသောကြောင့် ခက်ခဲစွာ သွားလာကြရသည်။ အုပ်စုရွာနှင့် ၁-မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာဖွံ့ဖြိုးမှုသည် အခြားကျေးရွာများထက် အားနည်းနေသည်ကို တွေ့မြင်နိုင်သည်။

ကျေးရွာအခြေခံအဆောက်အဦးအနေဖြင့် ဘုန်းကြီးကျောင်း တစ်ကျောင်းသာရှိပါသည်။ ကလေးများ ပညာရေးသင်ကြားရန်အတွက် ၃-ဖာလုံ ဝန်းကျင်မျှဝေးသော အ.မ.က တိုက်ကြီးကျောင်းသို့ နေ့စဉ်ခြေလျင်ခရီး ဖြင့် ခက်ခဲစွာ ပညာသင်ကြားနေရသည်။ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကို အ.ထ.ကခွဲ မျောက်ချောကုန်းသို့ သွားရောက်ပညာသင်ကြားရသည်။

လယ်ယာလုပ်ငန်း၊ မြေပဲစိုက်လုပ်ငန်း (တောင်ယာ၊ ကိုင်း) ၊ ဥယျာဉ်ခြံလုပ်ငန်းများသည် ကျေးရွာ၏အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြရသူများလည်း ရှိပါသည်။ ကျေးရွာသူ/ ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)

## အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 20.12.2016 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၇ | ၇ | ၁၄ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>- လူမှုအဆောက်အအုံများ<br>- ဘာသာရေးအဆောက်အဦးများ<br>- လမ်းပန်းဆက်သွယ်ရေးများ |
| ၂။ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 19.12.2016 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၇ | ၁၁ | ၁၈ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ပင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 19.12.2016 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၉ | ၁၈ | ၂၇ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူ သတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွား |
| ၄။ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 19.12.2016 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၉ | ၁၈ | ၂၇ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅။ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 19.12.2016 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၉ | ၁၈ | ၂၇ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေး ရရှိနိုင်မှုအပေါ် သုံးသပ်ခြင်း |
| ၆။ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 19.12.2016 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၉ | ၁၈ | ၂၇ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇။ | အခက်အခဲပြဿနာ (Problem) | 20.12.2016 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၆ | ၂၀ | ၃၆ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ၊<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 20.12.2016 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၆ | ၂၀ | ၃၆ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ၊ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉။ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 20.12.2016 | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက်ရောက်သူ အားလုံး | ၁၆ | ၂၀ | ၃၆ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ</u>



လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- လယ်ယာ ၊ဝါးခြံ၊ကိုင်းများကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။
- သောက်သုံးရေရရှိမှုတွင် ဖူလုံမှုရှိသည်ကို တွေ့ရှိရသည်။
- မိမိတို့ကျေးရွာမှကျောင်းသားများ၊အခြားကျေးရွာမှကျောင်းသားများသည်ကျေးရွာချင်းဆက်လမ်းများမကောင်းသည့်အတွက်သွားရေး၊ လာရေးများအလွန်ခက်ခဲနေသည်။
- ကျေးရွာတွင်အခြေခံမူလတန်းကျောင်းမရှိပေ။ပညာရေးအားနည်းသည်ကိုလည်းတွေ့ရှိရသည်။
- စိုက်ပျိုးမြေ၊ ယာပိုင်ဆိုင်မှုနည်းပါးပြီး လက်လုပ်လက်စားများပြားသည်။
- ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ရှိသည်။
- ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုသာကိုးကွယ်ကြသည်။
- ကျေးရွာတွင် ရေမခမ်းသည့် စိမ့်၊စမ်း အင်းအိုင်လည်း တည်ရှိသည်။

### ဖွံ့ဖြိုးရေးလိုအပ်ချက်

- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊
- အခြေခံပညာမူလတန်းကျောင်းရှိရန်၊
- အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန်၊
- လျှပ်စစ်မီးရရှိရန်၊
- အစည်းအဝေးခန်းမ၊
- ချောင်းကူးတံတားရှိရန်၊
- အားကစားကွင်း

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## (က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်

19.12.2016
ကြံတောအုပ်စု
ရေသောက်ကန်ကျေးရွာ

ဥစ္စာဓန အဆင့်သတ်မှတ်ချက်

| အဆင့် | သတ်မှတ်ချက် | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| အလွန်ချမ်းသာသော အုပ်စု | နွား၊ ထွန်စက်၊ လယ်၊ ဓါးမြှ၊ ထိုက်စက်၊ သွပ်မိုးပြင်ထောင်အိမ်၊ ဆိုင်ကယ်၊ ရေတင်စက်၊ ခွန်ဇါးဒါး၊ မြေထွန်စက်၊ ယာခင်း၊ ကုပ်သံဖမ်းစက် | ၆ | ၁၃% |
| ပြေလည်သော အုပ်စု | နွား၊ လယ်အနည်းငယ်၊ ဆိုင်ကယ်၊ ရေတင်စက်၊ ယာခင်းအနည်းငယ်၊ ကုပ်သံဖမ်းစက်၊ သစ်သားတစ်ထပ်အိမ်သွပ်မိုး ထရံကာ | ၁၆ | ၃၅% |
| မပြေလည်သော အုပ်စု | ယာအနည်းငယ်၊ နွား၊ ဆိုင်ကယ်၊ သစ်သားအိမ် သက်ငယ်မိုး ထရံကာ | ၁၄ | ၃၀% |
| နွမ်းပါးသော အုပ်စု | ကျပန်း၊ မြေပြာအိမ် သက်ငယ်မိုး ထရံကာ | ၁၀ | ၂၂% |
| ပါဝင်ဆွေးနွေးသူ ကျား - ၈ မ - ၁၈ | စုစုပေါင်း | ၄၆ | ၁၀၀% |


လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

ဥစ္စာခနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင်လူမှုအဆင့်သတ်မှတ်ရာတွင်(က၊ခ၊ဂ၊ဃ)အဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။အဆင့်(က)အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ်ထောင်စုများသည် အသင့်အတင့်အုပ်စု၊အဆင့်(ဂ)အိမ်ထောင်စုများသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ)အိမ်ထောင်စုများသည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်.
- ချမ်းသာသောအုပ်စုမှာ(၆)အိမ်ထောင်စု၊အသင့်အတင့်အိမ်ထောင်စုမှာ(၁၆)အိမ်ထောင်စု၊နွမ်း ပါးသောအုပ်စုမှာ (၁၄)အိမ်ထောင်စု၊အလွန်နွမ်းပါးသောအုပ်စုမှာ (၁၀)အိမ်ထောင်စု သတ်မှတ်ခဲ့သည်။
- နွမ်းပါး၊အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများခြင်း၊ ပုံမှန်ဝင်ငွေရရှိရန်အတွက်အလုပ်အကိုင်ရှားပါးခြင်း၊ဗဟုသုတနည်းပါးခြင်း၊ပညာရေးအသိအမြင်များ၊ အားနည်းခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကို ဦးစားပေးစဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာ၏အခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများရေးဆွဲအကောင်အထည်ဖော်လုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(၁) <u>ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။</u>





ရာသီခွင်ပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့သည်ကျေးရွာ၏ဝင်ငွေရရှိသောလုပ်ငန်းများဖြစ်သည်။
- လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းများလုပ်ဆောင်ချိန်တွင် လုပ်အားခများများရရှိ၊(နယုန်လ၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ၊နတ်တော်၊တပို့တွဲလ)
- အခြားလုပ်ငန်းများမှ ဝင်ငွေလုံလောက်မှုမရှိပေ။
- တစ်နေ့တာအတွင်း အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရရှိမှု မတူညီ၊ (အမျိုးသမီးများမှာအိမ်တွင်းမှု အလုပ်များနှင့် အချိန်ကုန်နေရသည်။)
- အမျိုးသားများမှ တာဝန်ယူခွဲယူမှုနှင့် ကျား/မရေးရာ သိမြင်လာအောင် ဆွေးနွေး၊(အိမ်တွင်းမှုပိုင်းတွင် အမျိုးသားများတာယူရာတွင် အမျိုးသမီးများအတွက်ဝင်ငွေရရှိနိုင်၊)
- တန်းတူညီမျှမှုနှင့် သာတူညီမျှအကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။
- တန်ခူး၊ ကဆုန်၊ နတ်တော်၊ တပို့တွဲ၊ တပေါင်းလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေးမကောင်း၊ကလေးငယ်များအတွက်ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊နယုန်၊ဝါဆို၊တော်သလင်း၊တန်ဆောင်းမုန်း၊နတ်တော် ပြာသို ရာသီအကူးအပြောင်းများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး ရောဂါများဖြစ်ပွားတတ်သည်။ ကျန်းမာရေးအရေးပေါ်ကြုံတွေ့ရလျှင်ဘက်ရဲ၊ကြံခင်း၊မြန်အောင်ပြည်သူ့ဆေးရုံတွင်သွားရောက်ပြသကြသည်။
- အစားအစာဖူလုံမှုနှင့် ပတ်သက်၍ ဝင်ငွေကောင်းသောလများတွင် ဖူလုံမှုရှိပြီး၊ ဝင်ငွေနည်းသောလများတွင် ဖူလုံမှု မရှိပေ။
- ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ဆီမီးပူဇော်ပွဲနှင့် ကထိန်ပွဲ တပေါင်းလတို့တွင် ရှင်ပြုပွဲများ ကျင်းပပြုလုပ်လေ့ရှိသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်သည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန်လတို့တွင်ကောင်းမွန်ပြီး၊ ဝါဆို၊ဝါခေါင်၊ တော်သလင်း၊ သတင်းကျွတ်လတို့တွင် လမ်းများပျက်စီးနေတတ်သည်။ ကျန်သောလများတွင် လမ်းအခြေအနေမှာ အသင့်အတင့်သာ ရှိသည်။
- ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ကဆုန်၊နယုန်၊ဝါဆို၊ ဝါခေါင်၊တန်ဆောင်မုန်း၊နတ်တော်လနှင့် တပေါင်းလတို့တွင် အများအပြားရှိသည်ကို တွေ့ရှိရသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

### (ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်

ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာ လုံခြုံမှု၊ ယုံကြည်မှု၊ အရင်းအမြစ်လက်လှမ်းမှီမှု ဝင်ငွေရှာဖွေနိုင်မှုနှင့် အဖွဲ့အစည်းပူးပေါင်းပါဝင်မှုတို့တွင် အားနည်းနေသည် ကိုဆွေးနွေးဖော်ထုတ်ခဲ့သည်။ဥပမာ- အမျိုးသားများသည် ဝင်ငွေရှာဖွေနိုင်မှု၊ အဖွဲ့အစည်း ၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကို တွေ့ရှိရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုများတွင် ရာခိုင်နှုန်းပြည့် နီးပါးဖြစ်နေသည်ကို တွေ့ရှိရသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊ အမျိုးသမီးများအနေဖြင့် အခြားဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။
- ကျေးရွာတွင် အမျိုးသမီးများသီးသန့် အသိအညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

(ဂ) <u>အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>





အရင်းအမြစ်များအပေါ် အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ

အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။
- ဝက်၊ ကြက်၊ အပ်ချုပ်စက်တို့ကို အမျိုးသမီးများက ပိုင်ဆိုင် အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။
- ခြွေလှေ့စက်၊ ရေတွင်း၊ လမ်း၊ ဆိုင်ကယ်၊ ဝွန်ဒေါင်း၊ ရေတင်စက်၊ မြက်ဖြတ်စက်၊ လှည်း၊ လယ်ထွန်စက်၊ နွား စသည်တို့ကို အမျိုးသားများက ဦးဆောင်အသုံးပြုကြသည်။
- တီဗွီ၊ ဈေးဆိုင်၊ ဝါးခြံ၊ ယာ၊ လယ် စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီးများ နှစ်ဦးစလုံးအသုံးပြုကြသည်။
- ဆုံးဖြတ်ချက်များချရာတွင် အများအားဖြင့် အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

### (စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာရှိအုပ်ချုပ်ရေးပိုင်းသည်ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို၊အုပ်ချုပ်ရေးပိုင်းများကအဓိကဦးဆောင်ပြုလုပ်ကြသည်။ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်လည်း ပူးပေါင်း၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်း လုပ်ဆောင်ကြသည်။
- အမျိုးသားများပါဝင်သည့် မီးသတ်အဖွဲ့မှာလည်း မြို့နယ်မီးသတ်ဌာနဖြင့် ဆက်သွယ်၍ အဖွဲ့များ ဖွဲ့စည်းထားသည်။
- အမျိုးသားများနှင့်အမျိုးသမီးများ ပါဝင်သည့်လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြပြီး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာတို့ဖြင့် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိသည်။
- ကျန်းမာရေးလုပ်သားအဖွဲ့သည် မြို့နယ်ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုအပေါ်တွင် လိုက်ပါဆောင်ရွက်လျှက်ရှိသည်။
- ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့သည် မြို့နယ် Wordvision အဖွဲ့နှင့် ချိတ်ဆက်ကာ ကလေးသူငယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိသည်။
- လူငယ်အဖွဲ့နှင့် နာရေးကူညီ ထောက်ပံ့မှုအဖွဲ့တို့သည် ကျေးရွာသာရေး၊ နာရေးကိစ္စရပ်များကို ဆောင်ရွက်လျှက်ရှိသည်။

(ဆ) <u>အမျိုးသား၊အမျိုးသမီးအုပ်စုများ၏ အခက်အခဲ ပြဿနာများ</u>



## အခက်အခဲ ပြဿနာများ


အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

- အလုပ်အကိုင်များရှိသော်လည်း ဝင်ငွေနည်းပါးခြင်း၊
- စက်မှု၊ လက်မှု ပစ္စည်းကိရိယာများ အားနည်းခြင်း၊
- ချောင်းရေလျှံမှုကြောင့် သွားလာရေး ခက်ခဲခြင်း၊
- လျှပ်စစ်မီးမရှိ၍ ပညာသင်ကြားနေသော ကျောင်းသားများ အခက်အခဲရှိခြင်း၊
- ချောင်းကူးတံတားမရှိ၍ သွားလာရေး ခက်ခဲခြင်း၊
- မြေသားလမ်းဖြစ်၍ မိုးရာသီ အခက်အခဲရှိခြင်း၊
- ကျေးရွာတွင် မူလတန်းစာသင်ကျောင်းမရှိခြင်းကြောင့် ကလေးငယ်များ ပညာသင်ကြားရာတွင် ခက်ခဲခြင်း၊

အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

- လျှပ်စစ်မီးမရှိသည့်အတွက် အလုပ်ချိန်၊ ကလေးငယ်များ စာဖတ်၊ စာရေးရာတွင်အခက်အခဲရှိခြင်း။
- ချောင်းကူးတံတားမရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး နှောင့်နှေးခြင်း၊
- လမ်းပန်းဆက်သွယ်ရေးမကောင်းသည့် အတွက်စားသောက်ကုန်ဝယ်ယူရေးတွင် အခက်အခဲရှိခြင်း။
- ချောင်းရေလျှံခြင်းကြောင့် သွားလာရေး ခက်ခဲခြင်း၊
- ကျောက်ဖျာများတည်ရှိနေခြင်းကြောင့် ရေသန့်တူးဖော်ရရှိရန် ခက်ခဲခြင်း၊
- ကျန်းမာရေးစောင့်ရှောက်မှု အခက်အခဲရှိခြင်း။

## (၈) ကျေးရွာ(အမျိုးသား၊ အမျိုးသမီး) မျှော်မှန်းချက်



## ကျေးရွာမျှော်မှန်းချက်များ


အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ

- လယ်ယာသုံးကိရိယာပစ္စည်းများ ထောက်ပံ့ပေးရန်၊
- ကျေးရွာတွင်း လျှပ်စစ်မီးရရှိရန် မျှော်မှန်း၊
- လက်ရှိအားကစားကွင်းအား အဆင့်မြှင့်တင်ပေးရန်၊
- လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန်၊
- လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊
- စိုက်ပျိုးရေးနည်းပညာသင်တန်းများ ပို့ချပေးရန်၊
- အတိုးနှုန်း သက်သာသည့် ချေးငွေများရရှိရန် မျှော်မှန်း၊
- ဒေသထွက်သီးနှံများ ဈေးကောင်းရရှိရန်၊
- အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်၊
- စက်ပြင်သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်၊

အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ


- ကျေးရွာအတွင်း လျှပ်စစ်မီးလင်းချင်ပါသည်။
- ချေးငွေများကို အတိုးနှုန်းသက်သာစွာ ရရှိရန်၊
- အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရန်၊
- မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်၊
- စိုက်ပျိုးရေးအတွက် အသုံးပြုမည့် ဆေးဝါးများအား ဈေးနှုန်းချိုသာစွာ ရရှိရန်၊
- စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊
- လမ်းပန်းဆက်သွယ်ရေးများ ယခုထက်ပိုမို ကောင်းမွန်လာစေရန်၊
- ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိရန်၊

(ဈ) <u>ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်</u>





ကျေးရွာအမျိုးသား၊ အမျိုးသမီးများ ဆွေးနွေးတင်ပြသော

ဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ



ရေသောက်ကန်

ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ

(၁) ရေသောက်ကန်ကို တောင်ကုန်းသစ်ရွာချင်းဆက်မြေနီချောင်း ကျောက်လယ် – <၃၄> မဲ

(၂) ရေသောက်ကန်တိုက်ကြီး ရွာချင်းဆက်မြေနီချောင်း ကျောက်လယ် — <၆၁> မဲ

(၃) ဆေးပေးခန်း — <၂၈> မဲ

(၄) မီးသတ်ကန် — <၁၁> မဲ

(၅) လျှပ်စစ်မီး

(၆) ဓာတ်ကြိုးရုံတိုက်

(၇) ပညာရေး အတွက်စာသင်ကျောင်း

(၈) တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများ ပံ့ပိုးကူညီမှုများ ရှိစေရန်

(၉) စိုက်ပျိုးရေးလုပ်ငန်း အတွက်အတိုးမဲ့ချေးငွေ

(၁၀) စိုက်ပျိုးရေး သီးနှံမျိုးစေ့များ ဈေးနှုန်းသက်သာစွာ ရရှိစေရန်

(၁၁) အသက်မွေးဝမ်းကျောင်း အတွက် သင်တန်း

ကျေးရွာဦးစားပေးလုပ်ငန်းများ မဲပေးရွေးချယ်ခြင်း

## ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်

ကျေးရွာအမျိုးသား၊ အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) ရွာချင်းဆက်မြေနီချောင်းကျောက်လမ်း ရေသောက်ကန်-ကိုးတောင်ရွာသစ် [၉၄-မဲ]

(၂) ရွာချင်းဆက်မြေနီချောင်းကျောက်လမ်း ရေသောက်ကန်-တိုက်ကြီး [၆၁-မဲ]

(၃) ဆေးပေးခန်း [၂၈-မဲ]

(၄) မီးသတ်ကန် [၁၁-မဲ]

(၅) လျှပ်စစ်မီး

(၆) စာကြည့်တိုက်

(၇) ပညာရေးအတွက် စာသင်ကျောင်း

(၈) တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ပံ့ပိုးကူညီမှု ရရှိရန်၊

(၉) စိုက်ပျိုးရေးလုပ်ငန်းအတွက် အတိုးမဲ့ချေးငွေ၊

(၁၀) စိုက်ပျိုးရေးသီးနှံမျိုးစေ့များ ဈေးနှုန်းသက်သာစွာရရှိရန်၊

(၁၁) အသက်မွေးဝမ်းကြောင်းအတွက်သင်တန်းစသည့်လုပ်ငန်းလိုအပ်ချက်များကိုလို့ဂုက်မဲပေးရွေးချယ်ခဲ့ကြသည်။အထက်ပါကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်းကိုကျေးရွာစီထောက်ဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ စီထောက်ဥက္ကဋ္ဌဒေါ်စန္ဒာဝင်းတို့မှ(Pc3)တွင်အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး ငှေး ရွှင် ဦး | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဦး ကျော် မျိုး ဦး | |
|---|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး မကွေး | မြို့နယ် ဂန့်ဂေါ | ကျေးရွာအုပ်စု ဂွဲတော | ကျေးရွာ | ရေသောက်ကန် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၆ | ဘာသာ (၁) ဗုဒ္ဓ | ၄၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးဝုဇရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | ဗုဒ္ဓ | ၂ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၉ | ဗုဒ္ဓ | ၁၆ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၉၈ | ၉၈ |
| လူမျိုးစု (၁)----------- | | |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၃၇ | ၉ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် စေတနာဝန်ထမ်း | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | (မော်တော်ဆိုင်ကယ်လမ်း) |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ___________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၁ ---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--- ၁၀ ---------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်----- ၂၅ ------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးမြေ့လွင်ဦး

လက်မှတ် [signature] — နေ့စွဲ 19. 12. 2016

လူထုစည်းရုံးရေးမှူး — အမည် ဦးကျော်မျိုးဦး

လက်မှတ် [signature] — နေ့စွဲ 19. 12. 2016

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးဦး CF ၊ ဦးကောင်းထက်ပိုင် TF

နေ့စွဲ 19. 12. 2016

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြံတော | ကျေးရွာ ရေသာကွက်ကန် + ~~[illegible]~~

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.12.2016 | 19.12.2016 | ၁၇ | ၂၄ | ၄၁ | ၄၁ \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 20. 12. 2016 | 20. 12. 2016 | ၁၆ | ၂၀ | ၃၆ | ၃၆ \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 1.2.2017 | 1.2.2017 | ၃၈ | ၂၅ | | ၆၃ \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 14.2.2017 | 14.2.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 19.2.2017 | 19.2.2017 | ၂၀ | ၂၇ | ၄၇ | ၄၇ \| ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 1.3.2017 | 1.3.2017 | ၃ | ၆ | ၉ | ၉ \| ဗမာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 8.3.2017 | 8.3.2017 | ၁၇ | ၇၉ | ၄၈ | ၇၂ | မှန် |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 8.3.2017 | 8.3.2017 | ၁၃ | ၇၉ | ၄၈ | ၇၂ | မှန် |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 8.3.2017 | 8.3.2017 | ၁၃ | ၇၉ | ၄၈ | ၇၂ | မှန် |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 4.4.2017 | 4.4.2017 | ၁၉ | ၁၄ | ၇၇ | ၇၇ | မှန် |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 6.4.2017 | 6.4.2017 | ၁၃ | ၂၇ | ၇၆ | ၇၆ | မှန် |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 8.4.2017 | 8.4.2017 | ၃၀ | ၄၃ | ၄၆ | ၇၇ | မှန် |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးဦး | | | |
| နေ့စွဲ 20. 12. 2016 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | ကြံခင်း မြို့နယ် | ကျေးရွာအုပ်စု မြဲတော | ကျေးရွာ ကုန်းသာကတ်ကုန် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးသက်ရေလှောင်ကန် မရှိခြင်းကြောင့် မိုးဘေးအတွက် စိုးရိမ်ရသည့် အခက်အခဲ | ၁ | လမ်းမကောင်းသည့်အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အတွက် သွားလာရာတွင် ခက်ခဲပါသည် |
| ၂ | ကျေးရွာတွင်စာသင်ကျောင်း မရှိသည့်အတွက် ပညာရေး အခက်အခဲ | ၂ | လျှပ်စစ်မီး မရရှိသည့်အတွက် လူနေမှုအဆင်မပြေသည့် အခက်အခဲ |
| ၃ | လျှပ်စစ်မီး မရှိသည့်အတွက် လူနေမှုအဆင်မပြေသည့် အခက်အခဲ | ၃ | စာကြည့်တိုက်မရှိသည့်အတွက် စာပေဗဟုသုတနည်းပါးသည့် အခက်အခဲ |
| ၄ | လမ်းမကောင်းသည့်အတွက် ဒေသထွက်ကုန်များ ဈေးကောင်းမရသည့်အခက်အခဲ | ၄ | ဆေးပေးခန်းနှင့် အလှူမီးဖိုသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည့် အခက်အခဲ |
| ၅ | စာကြည့်တိုက်မရှိသည့်အတွက် စာပေဗဟုသုတနည်းပါးသည့် အခက်အခဲ | ၅ | စိုက်ပျိုးရေး ပညာပေးဟောပြောပွဲများ မရှိသည့်အခက်အခဲ |
| ၆ | ဆေးပေးခန်းနှင့် အလှူမီးဖိုသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုနည်းပါးသည့် | ၆ | ကျေးရွာတွင်စာသင်ကျောင်း မရှိသည့်အတွက် ကလေးများ ပညာသင်ကြားရာ အတွက် အခက်အခဲ |
| ၇ | အခက်အခဲ<br>စိုက်ပျိုးရေးနည်းပညာများ ကိုကောင်းစွာအသုံး မချနိုင်သည့် အခက်အခဲ | ၇ | မိုးဘေးကာကွယ်ရန် မိုးသက်ကန် မရှိသည့်အခက်အခဲ အလုပ်အကိုင်ရှားပါးသည့် အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လယ်ယာသုံးစက်ကိရိယာများ ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရန်မျှော်မှန်း | ၁ | အတိုးနှုန်းသက်သာသောချေးငွေရရှိရန် မျှော်မှန်း |
| ၂ | လျှပ်စစ်မီးရရှိရန်မျှော်မှန်းပါသည် | ၂ | အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်မျှော်မှန်း |
| ၃ | လက်ရှိအားကစားကွင်းအားအဆင့်မီအားကစားကွင်းဖြစ်လာရန်မျှော်မှန်း | ၃ | မိုးသက်ရေကန်ဖြစ်လာရန်မျှော်မှန်း |
| ၄ | ဆက်သွယ်ရေးလမ်းများနှင့်ရွာတွင်းလမ်းအားကွန်ကရစ်လမ်းဖြစ်လာရန်မျှော်မှန်း | ၄ | အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးဆေးများဈေးသက်သာစွာရရှိရန်မျှော်မှန်း |
| ၅ | စိုက်ပျိုးရေးနည်းပညာသင်တန်းများ တက်ရောက်သင်ကြားခွင့်ရရန်မျှော်မှန်း | ၅ | ဆက်သွယ်ရေးလမ်းများနှင့်ရွာတွင်းလမ်း ကွန်ကရစ်လမ်းဖြစ်လာရန်မျှော်မှန်း |
| ၆ | အတိုးနည်းချေးငွေများရရှိရန် မျှော်မှန်း | ၆ | ကျေးရွာတွင်စာသင်ကျောင်းမရှိသည့်အတွက် စာသင်ကျောင်းရရှိလာရန်မျှော်မှန်း |
| ၇ | ဒေသထွက်သီးနှံများဈေးကောင်းရရန် မျှော်မှန်း | ၇ | ကျန်းမာရေးအတွက်သွားလာရန်ကားရှိလာရန်မျှော်မှန်း |

၈ အသက်မွေးဝမ်းကြောင်းသင်တန်း စက်ပြင်သင်တန်း သင်ကြားခွင့်ရရန်မျှော်မှန်း

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေသောက်ကန် တိုးတောင် မြေနီ ချောင်းကျောက်သမီး | အမျိုးသား + အမျိုးသမီး | ၄,၂၀၀,၀၀၀ | ၁၉၆ |
| ၂ | ဆေးပေးခန်း | အမျိုးသမီး | | ၁၉၆ |
| ၃ | မီးသတ်ရေကန် | အမျိုးသား + အမျိုးသမီး | ၂,၃၀၀,၀၀၀ | ၁၉၆ |
| ၄ | ရေသောက်ကန် တိုက်ကြီး မြေနီ ချောင်းကျောက်သမီး | အမျိုးသား + အမျိုးသမီး | ၄,၃၀၀,၀၀၀ | ၁၉၆ |
| ၅ | သွပ်စစ်မီး | အမျိုးသား + အမျိုးသမီး | | ၁၉၆ |
| ၆ | စာကြည့်တိုက် | အမျိုးသား | ၆,၅၀၀,၀၀၀ | ၁၉၆ |
| ၇ | စာသင်ကျောင်း | အမျိုးသမီး | | ၁၉၆ |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | တစ်ပိုင်တစ်နိုင်မွေးမြူရေးအတွက်ထောက်ပံ့ငွေ | အမျိုးသား | |
| ၂ | စိုက်ပျိုးရေးအတွက် အတိုးမဲ့ချေးငွေ | အမျိုးသား + အမျိုးသမီး | |
| ၃ | မျိုးကောင်းမျိုးသန့် မွေးသက်သတ္တဝါရရှိရန် (ဆိတ်) | အမျိုးသား | |
| ၄ | အသက်မွေးဝမ်းကြောင်း သင်တန်း | အမျိုးသား + အမျိုးသမီး | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်[illegible] လက်မှတ် [signature] နေ့စွဲ 20.12.2016

ပုံစံPC-၄ကျေးရွာ                    ခွဲဝေချထားမှုဖြေရှင်းပုံစံ

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏အကူအညီဖြင့်ဖြည့်စွက်ရမည်။ဤပုံစံအားဖြည့်စွက်ပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဦးသက်ပိုင်ဦး ၊ ဦးကျော်ဝင်းပိုင် | | |
| နေ့စွဲ | ၁-၂-၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း- ရခိုင် | မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု | ဖြူတော |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| တိုက်ကြီး | ရွာတွင်း+[illegible] မြေနီချောင်းကျောက်လမ်း | ၁၅၅၀'×၁၀'×၆" | ၃၄၀ | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၃၄၀၀၀၀၀ | | | | ၃၄၀၀၀၀၀ |
| ရေသောက်ကန် | ရွာချင်းဆက်မြေနီချောင်းကျောက်လမ်း (ရေသောက်ကန်↔ရွာသစ်) | ၁၈၀၀'×၁၁'×၆" | ၁၃၆ | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၄၂၀၀၀၀၀ | | | | ၄၂၀၀၀၀၀ |
| အောက်ပန်းတော် | ရွာချင်းဆက်မြေနီချောင်းကျောက်လမ်း (အထက်ပန်းတော်↔အောက်ပန်းတော်) | ၂၀၄၀'×၁၀'×၆" | ၂၅၅ | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၄၈၀၀၀၀၀ | | | | ၄၈၀၀၀၀၀ |
| | | | | ☐အမျိုးသား | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဃမိုးဇ ကွင်း | ရွာချင်းဆက်မြေနီ ချောင်းကျောက်လမ်း (လမိုင်းကွင်း↔ရွာသစ်) | ၂၆၉၂'×၁၀'×၆" | ၇၂ | □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၅၇၀၀၀၀၀ | | | | ၅၇၀၀၀၀၀ |
| ကိုးကောင်ရွာမ | ရွာချင်းဆက် မြေနီ ချောင်းကျောက် လမ်း (ရွာမ↔ရွာသစ်) | ၁၃၅၀'×၁၀'×၆" | ၁၂၈ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၃၀၀၀၀၀၀ | | | | ၃၀၀၀၀၀၀ |
| ကိုးကောင်ရွာသစ် | ရွာချင်းဆက် ချောင်းကျောက် လမ်း | ၂၃၂၀'×၁၀'×၆" | ၁၂၂ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၃၆၀၀၀၀၀ | | | | ၃၆၀၀၀၀၀ |
| ကောက်ကြကျင်း | ရွာချင်းဆက်မြေနီချောင်းကျောက် လမ်း (မြန်အောင်/ကိုးကောင်) | ၂၄၂၀'×၁၀'×၆" | ၁၆၀ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၅၂၀၀၀၀၀ | | | | ၅၂၀၀၀၀၀ |
| ဖြူဉ်စေကွင်း | ရွာတွင်းမြေနီ ချောင်းကျောက် လမ်း | ၁၂၂၅'×၁၀'×၆" | ၂၈၈ | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၄၅၀၀၀၀၀ | | | | ၄၅၀၀၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ------------------------------

လက်မှတ် ------------------------------ ရက်စွဲ ------------------------------

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကြံတော | ရွာတွင်းမြေနီ ချောင်းကျောက်လမ်း | ၂၀၀၀'x၁၂'x၆" | ၄၃၈ | □အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | ၄၉၀၀၀၀၀ | | | ၄၉၀၀၀၀၀ |
| ကာရ | ဂုံးပေါက် (၂၁၃) | ၁၈'x၄'x၃'<br>၁၂'x၄'x၃' | ၁၃၀ | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | ၃၆၀၀၀၀၀ | | | ၃၆၀၀၀၀၀ |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးမင်းမင်းထွန်း၊ ဒေါ်မြင့်မြင့်ရှိန်

လက်မှတ် [signature] 1.2.2017 ရက်စွဲ 1.2.2017

# အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )

ကျေးရွာအုပ်စု - ကြံတော

ကျေးရွာ - ရေစကြာသာကတ်ကန်

ပထမအကြိမ်ကျေးရွာအစည်းအဝေး

ရက်စွဲ- ၁၉ . ၃ . ၂၀၁၆

ရေစကြာသာကတ်ကန်ကျေးရွာ ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၁၉.၃.၁၆)ရက်နေ့တွင်ရေစကြာသာကတ်ကန်ရွာဦးဘုန်းတော်ကြီးကျောင်း၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင် ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ

ဦးကျော်မျိုးဦး

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

ရေသောက်ကန်

## ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရေသောက်ကန် တိုးတောင် မြောင်းချောင်းကျောက်လမ်း | ဘ / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဖွံ့ဖြိုးမှုစီမံကိန်း |
| | ၂ | ရေသောက်ကန် ၁၀တွင်းကြီး မြောင်းချောင်း ကျောက်လမ်း | ဘ / မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဖွံ့ဖြိုးမှုစီမံကိန်း |
| | | [illegible] | | | | |
| | | စာကြည့်တိုက် | ဘ | ၂၀၁၉ | ကျေးရွာလူထု | လူထုဖွံ့ဖြိုးမှုစီမံကိန်း |
| အသက်မွေးဝမ်းကျောင်း / စီးပွားရေး | ၁ | မွေးမြူရေးအတွက် ထောက်ပံ့ငွေ | ဘ | | | စိုက်ပျိုးမွေးမြူရေးဌာန |
| | ၂ | စိုက်ပျိုးရေးအတွက် အတိုးမဲ့ ချေးငွေ | ဘ / မ | | | စိုက်ပျိုးရေးဝန်ကြီးဌာန |
| | ၃ | စိုက်ပျိုးရေးအတွက် မျိုးသန့်များရရှိမှု | ဘ | | | စိုက်ပျိုးရေးဝန်ကြီးဌာန |
| | ၄ | အသက်မွေးဝမ်းကြောင်းသင်တန်း | ဘ / မ | | | ထောက်ပံ့ပေးနိုင်သည့် အဖွဲ့အစည်း |
| ကျန်းမာရေးနှင့်လူမှုရေး | ၁ | ဆေးပေးခန်း | မ | | | ကျန်းမာရေးဝန်ကြီးဌာန |
| ပညာရေး | ၁ | စာသင်ကျောင်း | မ | | | ပညာရေးဝန်ကြီးဌာန |
| အခြား | ၁ | မီးသတ်ရေကန် | ဘ / မ | | | မီးသတ်ဦးစီးဌာန |
| | ၂ | လျှပ်စစ်မီးရရှိမှု | ဘ / မ | | | လျှပ်စစ်ဝန်ကြီးဌာန |